



# မဟာဒွါရနိကာယ-အုပ်ချုပ်ပုံ။

ထိုက်
ရန်ကုန်



မဟာဒွါရနိကာယ-အုပ်ချုပ်ပုံ။

# နိဒါနကထာ၊

လောကသင်းကျစ်၊ မွေရာဇ်မှန်ကူ၊ သယမ္ဘူအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည်၊ လေးဆယ့် ငါးဝါ ရှည်မြင့်ကြာအောင် ဟောဘော်ညွှန်ပြ ဆုံးမတော် မူအပ်သော သာသနာတော်မြတ်ကြီး၏ အညစ်အကြေး ယှက်ထွေးကပ်ငြိ၍ မအပ်သော အဓမ္မဝါဒ အပြစ်ဘေး ပေါ်လာတိုင်းဝေးအောင် ဘုန်းတန်ခိုးအာနုဘော် အရှိန် အစော်ကြီးမားပြည့်စုံကြကုန်သော ရှင်မဟာကဿပ အစရှိကုန်သော အဆက်ဆက်သော မထေရ်တို့သည် သုဓ်သင်ရှင်းသန့်၍ သံဂါယနာတင်ခါ အစဉ်အတိုင်း လာ တော်မူခဲ့ကြကုန်သည်။ ။ ထိုမထေရ်မြတ်တို့၏ နွယ် ဆက်ဝံသ မဟာဒွါရဂိုဏ်းကြီး၏ အာဒိကမ္မိက ဂဏ ပါမောက္ခ ဖြစ်တော်မူသော သာသနာပြု အရှင်အုဂ်ဖိုရ် ဆရာတော်ဘုရားကြီးသည် တတိယ သံဂါယနာတင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည်„ သာ သနာဘေး အညစ်အကြေးတို့ကို လျှော်ဆေးရှင်းသန့် ပြန့် ပွားစည်ပင်စေတော်မူသည်ကိုနည်းယူစံမှီးလျက် ဂိုဏ်းသီး တည်ထောင်ကာ သာသနာတော်ဘေးရန်ကို ငယ်လှန် သန့်ရှင်း တောက်လင်းစည်ပင်စေတော်မူခဲ့ပြီး၍ ညီးညီး တောက်ပြောင် ဟုန်းဟုန်းလောင်သော ရွှေတန်ဆောင် တိုင်ကြီးသည် ကုန်ဆုံးငြိမ်းပျောက် လောဘိသကဲ့သို့ ဘဝ နတ်နန်း ကြွလှမ်းဝင်စံတော်မူသော ကာလ„ သိဿာနု သိဿ ဝံသမပျက် ကိုယ်အသက်ကို မကွက်မညှာ သာ သနာတော်မြတ်ကြီး၏ ရှုပ်ထွေးပွေညစ် ဘေးရန်စစ်တို့ကို မလစ်ဟင်းစေဘဲ ရှင်းသန့်တော်မူခဲ့ကြရာ သြဇာအာဏာ

ဘုန်းပညာနှင့် လွန်စွာကု လုံ ပြည့်စုံတော်မူကြကုန်သော
ထိုဆရာတော်ကြီးများ ထင်ရှားရှိတော် မူကြသဖြင့် သာ
သနာတော်သည် စည်ကားထွန်းပြောင် အရောင်မစဲ ရှိမြဲ
တိုင်းအလား ငြိမ်ဝပ်ပိပြား လျက် ရှိခဲ့ပေသည်၊ ဘုန်းကံ
ပညာ လ ဏာနှင့် တန်ခိုးအာဏာထက်ချပ်ပါကုန်သော
ထိုမထေရ် မြတ်ကြီးတို့ သည်လည်း သန္ဒါရ နိုင်ငံသို့ ဝင်စံ
တော်မူကြရသဖြင့် ဒွါရဂိုဏ်းဝင် သံဃာတော်အရှင်မြတ်
ကိုသည် မြို့ရွာဒေသ ခြားနားပေးကွာလှသောကြောင့်
တဦးနှင့်တဦး ကူးလူးဆက်စပ်ခြင်း နည်းပါးသည်ဖြစ်၍
နှောင်လာနောက်သား တပည့်များတို့ ပေးလံစိမ်းကား
သတင်းကြားဖြင့် ဂိုဏ်းသားဂိုဏ်းဝင် မှတ်ထင်ကြရ
တော့မည်ကဲ့သို့ ရှိကြမည်ကို စိုးရိမ်မကင်း ကြောင့်ကြ
ခြင်းရှိရကား ဂိုဏ်းဝင်သံဃာတော်တို့ ညီညာစုရုံးတလုံး
တစည်းတည်း ရှိကြရန်အရေးကို တွေးတောကြံဆောင်
လျက် မဟာနာယက အနုနာယက ဂဏရက္ခိတ စသည်
သီးသီး ဂိုဏ်းစည်းမထေရ်မြတ်တို့ကို ရွေးကောက် တင်
မြှောက်ကြလျက် မဟာဒွါရ ဂိုဏ်းကြီးကို စည်းမျဉ်း
မဖေါက် စောင့်ရှောက်ထိန်းသိမ်းတော်မူခဲ့ကြကုန်သည်
ဖြစ်ရာ„ ဂိုဏ်းဝင်သံဃာတော်တို့ ညီညာလုံးစည်း ထု း
နည်းအရ ဆုံးမအုပ်ချုပ်ရန် ဖွဲ့စည်းပုံ အုပ်ချုပ်ပုံ တို့ကို
နှောင်လူနှောင်သား မျိုးကောင်းသားတို့ သတိပညာ
သဒ္ဓါတိုးပွါး အကျိုးများစေရန် ရည်သန်ရိုးရင်း နှလုံး
သွင်းဖြင့် ဤဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းကို ရိုက်နှိပ်အပ်
ပါသတည်း။

# မဟာဒွါရနိကာယ-အုပ်ချုပ်ပုံ။

## အခန်း ( ၁ )

### ၁။ သံဃာ့ကွန္ဒမဟာနာယက ဒွါရနိကာယသာသနာပိုင်၊

သာသနာပိုင် ဆရာတော်ဘုရားကြီးကို ဂိုဏ်းဝင် သံဃာတော် အရှင်မြတ်တို့၏ သဘော ဆန္ဒတော် အရ တင်မြှောက်တော်မူကြသည်။

### ၂။ သာသနာပိုင်ဆရာတော်ကြီး၏ဂုဏ်။

(က) ဂိုဏ်းဝင် သံဃာတော်တို့၏ ကြည်ညိုလေးစား ခံရခြင်း။

(ခ) သီလသိက္ခာ-ဂုဏ်ဝါကြီးမားခြင်း။

(ဂ) ကြီးမားသောသမာဓိဂုဏ်ရှိခြင်း။

(ဃ) သတိပညာ ကြီးမားပြည့်စုံခြင်း။
(င) ခေတ်ကာလ အခြေအနေအားလျော်စွာ ရေး တောမြော်ခေါ်နိုင်ခြင်းစသော သမ္မာဉာဏ်ရေးနှင့် ပြည့်စုံခြင်း။
(စ) အသက်သိက္ခာ ကြီးရင့်ခြင်း။
(ဆ) ဝါနု၏ ပြည့်စုံခြင်း။
(ဇ) ကြီးမားလွန်ကဲသော ဂိုဏ်းဂဏစိတ်ရှိခြင်း။

(မှတ်ချက်) ဝါနု၏ ပြည့်စုံခြင်းဟူသည် ဂမနဲ ဂမန သမ္မန္ဓဖြစ်၍ အဝန်းအပိုင်းအဆောက်အဦနှင့် ပြည့် စုံရမည်ဟူလိုသည်၊ အကယ်၍ ပြည့်စုံသော ဝါနုတာ နေ ဟာဝန်ယူလျှင်လည်း ဝါနု၏ ပြည့်စုံခြင်းဟူ၍ပင် မှတ်ရ မည်။ ။

## ၃။ တန်ခိုးအာဏာ၊

(က) သာသနာရေးကိစ္စနှင့် ပတ်သက်၍၎င်း၊
(ခ) ဂိုဏ်းဂဏအရေးကိစ္စနှင့်ပတ်သက်၍၎င်း၊ ဂိုဏ်းဝင်သံဃာတော်များအပေါ်၌ လုံးဝ အပြည့် အစုံ အာဏာရှိသည်။

## ၄။ လက်တွေ့ကျင့်သုံးခြင်း။

မဟာနာယကဆရာတော်ဘုရားကြီးသည် သာ သနာအရေး ဂိုဏ်းအရေးတို့၌ တန်ခိုးအာဏာ အပြည့်

အစုံရှိသော်လည်း အာဏာကို အချင်းခပ်သိမ်းသုံးတော်မမူ။

(က) လျှင်မြန်စွာရွက်ဆောင်ရမည့် အရေးပေါ်ကိစ္စများ။

(ခ) ကြာရှည်လေးမြင့် အချိန်ယူ၍ ရွက်ဆောင်ရမည့် ကိစ္စများ ဟူ၍ ၂-မျိုးရှိရာ (က) လျှင်မြန်စွာပြုလုပ်ရမည့် အရေးကိစ္စတို့၌ အတိုင်ပင်ခံဂဏရက္ခိတ ဆရာတော်များနှင့်သော်၎င်း နီးစပ်ရာဗဟို အနုရက္ခိတများနှင့်သော်၎င်း တိုင်ပင်ရန် အချိန်ရလျှင် တိုင်ပင်ရွက်ဆောင်တော်မူသည်၊ တိုင်ပင်ရန် အချိန်မရလျှင် မိမိ သဘောတော်အတိုင်း ဆောင်ရွက်တော်မူသည်။

(ခ) ကြာရှည်လေးမြင့်အချိန်ယူ၍ပြုရမည့်အရေးကိစ္စတို့၌ အနုရသင်္ဃပါတ အစည်းအဝေးမှ သံဃဆန္ဒကိုသော်၎င်း၊ မဟာသင်္ဃပါတ အစည်းအဝေးမှ သံဃဆန္ဒကိုသော်၎င်း ယူတော်မူ၍ ဆောင်ရွက်တော်မူသည်။

အကြား-ကာလတို့၌ အတိုင်ပင်ခံ ဂဏရက္ခိတ ဗဟို အနုရက္ခိတများနှင့် တိုင်ပင်၍၎င်း ဆောင်ရွက်တော်မူသည်။

## ၅။ တာဝန်ဝတ္တရား။

၁။(က) သာသနာတော်အရေးနှင့်ပတ်သက်သောကိစ္စ။

(ခ) ဂိုဏ်းအရေးနှင့် ပတ်သက်သောကိစ္စ။

(ဂ) သာသနာရေးနှင့် မကင်းသော ကာလအားလျော်စွာ ဖြစ်ပေါ်လာသည့် အရေးကိစ္စများ၌ သင့်သလိုအမိန့်ပြန်တမ်းထုတ်ဆင့်တော်မူခြင်း။

၂။ နှစ်စဉ် နှစ်တိုင်း - အ ဋ္ဌ ရ သန္ဒွိ ပါတ ခေါ်ဆိုခြင်း။
၃။ သုံးနှစ်တကြိမ် ဂိုဏ်းလုံးဆိုင်ရာ မဟာသန္ဒွိ ပါတ အစည်းအဝေး ခေါ်ဆိုခြင်း။
၄။ နယ်အလိုက် အနုနာယက ဆရာတော်များကို ခန့်ထားခြင်း။
၅။ အတိုင်ပင်ခံ- ဂဏရက္ခိတ ဆရာတော်များကို ခန့်ထားခြင်း။
၆။ အနုရက္ခိတ ဆရာတော်များကို ခန့်ထားခြင်း၊
၇၊ ခေတ် ကာလအားလျော်စွာ ဂိုဏ်းကျင့်စဉ် စည်းမျဉ်းကို တိုးနိုင်ခြင်း၊ ပယ်ဖျက်နိုင်ခြင်း။
၈။ ခရိုင်-မြို့နယ်-တိုက်နယ် အနုနာယက အသီးသီးမှ ပေးပို့တော်မူသော ကျောင်းစာရင်း - သံဃာ စာရင်းများကို နှစ်စဉ်ဖြစ်စေ ၂-နှစ်တကြိမ်ဖြစ်စေ၊ ရှင်းသန့် ထုတ်ဝေရခြင်း။
၉။ သာသနာရေးနှင့်ပတ်သက်သောအမှုကိစ္စတစုံတရာ ဖြစ်လျှင် အဆုံးအဖြတ်ပေးခြင်း၊ နယ်အနုနာယက ဆရာတော်တို့ထံမှ မပြီးပြတ်၍၎င်း အလွန်အရေး ကြီးလေး ခဲယဉ်းသောအဓိကရဏ်းများဖြစ်၍ ဆုံး ဖြတ်ရန်မသင့်ဟု ထင်မြင်၍၎င်း၊ တင်ပို့သောအမှု ကိများကိုသာ စီစစ်ဆုံးဖြတ်တော်မူခြင်း။
၁၀။ မည်သည့်ကိစ္စမျိုးမဆို အုပ်ချုပ်ပုံ ဂိုဏ်းစည်းမျဉ်း တို့နှင့်မညီဟုယူဆလျှင် အာဏာတော်ကို အသုံးပြု ၍ ပယ်ဖျက်တော်မူသည်၊ ကောင်း၏ဟု ထင်မြင်

ယူဆတော်မူလျှင်လည်း - လိုက်နာ ဆောင်ရွက်ရန် အာဏာတော်ကို အသုံးပြု၍ တချက်လွှတ်အမိန့် ထုတ်တော်မူသည်။

# အခန်း (၂)

## ၁။ ဒုတိယ မဟာနာယက၊

ဒုတိယ မဟာနာယကကို ဂိုဏ်းဝင် သံဃာတော်များ၏ သဘောဆန္ဒအရ ရွေးချယ် တင်မြှောက်တော်မူသည်။

## ၂။ ဒုတိယ မဟာနာယက ဆရာတော်၏ဂုဏ်။

မဟာနာယက သာသနာပိုင် ဆရာတော်ကြီး၏ ဂုဏ်များနှင့် အလားတူ ဂုဏ်များရှိသည်။

## ၃။ တန်ခိုးအာဏာ၊

မဟာနာယကသာသနာပိုင် ဆရာတော်ကြီးသည် (က) အရပ်တပါးသို့ ဖဲကြွတော်မူလျှင်၎င်း (ခ) နာမကျန်းရှိ၍ တာဝန်ဝတ္တရားကို မဆောင်ရွက်နိုင်သော်၎င်း (ဂ) အလုပ်ဝတ္တရားမှ အနားယူသော်၎င်း (ဃ) အလုပ်ဝတ္တရားများကို လွှဲအပ်ခံရသော်၎င်း မဟာနာယက သာသနာပိုင် ဆရာတော်ကြီး၏ တန်ခိုးအာဏာနှင့် တူညီသောအာဏာရှိသည်။

## ၄။ လက်တွေ့ကျင့်သုံးခြင်း။

သာသနာပိုင် မဟာနာယက ဆရာတော်ဘုရားကြီး၏ ကျင့်သုံးတော်မူသည်နှင့် ညီတူစွာ ကျင့်သုံးတော်မူသည်။

## ၅။ တာဝန်ဝတ္တရား။

သာသနာပိုင် မဟာနာယက ဆရာတော်ဘုရားကြီး၏ကိုယ်စား တာဝန်ဝတ္တရားအားလုံးကို ရွက်ဆောင်ရသည်။

# အခန်း (၃)

## ၁။ အနုနာယက ဆရာတော်များ၊

အနုနာယက ဆရာတော်များကို

(က) မဟာနာယက သာသနာပိုင်ဆရာတော်ကြီး၏ သဘောတော်အရသော်၎င်း၊

(ခ) ဆိုင်ရာနယ် သံဃာစုတို့၏ ဆန္ဒအရသော်၎င်း မဟာနာယက ဆရာတော်ဘုရားကြီးက ခန့်အပ်တော်မူသည်။ နယ်အကျဉ်း အကျယ်သို့ လိုက်၍ အရေအတွက်အနည်းအများရှိသည်။

## ၂။ အနုနာယကဆရာတော်များ၏ရာဇ်အရည်အချင်း၊

(က) ဆိုင်ရာနယ်ပယ် သံဃာတော်တို့၏ ယုံကြည်လေးမြတ်ခြင်းကို ခံယူရခြင်း။

( ခ ) သီလအကျင့်သိက္ခာနှင့် ပြည့်စုံခြင်း။
( ဂ ) ဝိနည်းအရာ၌ လိမ္မာကျွမ်းကျင်ခြင်း။
(ဃ) အဂတိမလိုက်စားခြင်း-သည်းခံခြင်း။
( င ) အုပ်ချုပ်ကွပ်ကဲခြင်း၌ စွမ်းနိုင်ခြင်း၊
( စ ) ကြီးမားလွန်ကဲသော ဂိုဏ်းဂဏစိတ်ရှိခြင်း။

## ၃။ တန်ခိုးအာဏာ။

မိမိအုပ်စု သံဃာတော်တို့၏ (က) သာသနာ တိုးတက်ကြီးပွားမှု (ခ) ဂိုဏ်းတိုးတက် ကြီးပွားမှုတို့ ဖြစ်အောင်ဆောင်ရွက်အားထုတ်ရာ၌ လုံးဝအာဏာရှိသည်။ (ဂ) မိမိတို့ဆိုင်ရာနယ်အတွင်း သုံးကြိမ်တိုင်တိုင် ဆုမ္မ၍ မရသော ပုဂ္ဂိုလ်များကို မိမိတို့ဆိုင်ရာ အုပ်စုအတွင်းမှ ပယ်ထုတ်ထားနိုင်သည်။

[(မှတ်ချက်)ပယ်ထုတ်ကြောင်းကို မဟာနာယကဆရာတော်ကြီးထံ အလျင်အမြန် လျှောက်ထားရသည်။]

## ၄။ လက်တွေ့ကျင့်သုံးမှု။

မိမိတို့အုပ်စုပါသံဃာတော်များအပေါ်၌ အာဏာအပြည့်အစုံရှိသော်လည်း လက်တွေ့ကျင့်သုံးရာ၌ တဦးတည်း အာဏာကို မသုံးမူ၍ မဟာနာယက ဆရာတော်ဘုရားကြီး လက်တွေ့ကျင့်သုံးတော်မူသကဲ့သို့ နီးစပ်ရာအနုနာယကနှင့်သော်၎င်း မိမိလက်အောက်ရှိ အနုရက္ခိတများနှင့်သော်၎င်း တိုင်ပင်၍ကျင့်သုံးတော်မူကြသည်။

## ၅။ တာဝန်ဝတ္တရားမှ

(က) အုပ်စုပါသံဃာတော်များ အချင်းချင်း ညီညွတ် သင့်တင့်အောင် အားထုတ်ရခြင်း။

(ခ) ဂိုဏ်းစည်းမျဉ်းနှင့်အညီ ကျင့်သုံးကြရန် ဆုံးမ ဩဝါဒပေးရခြင်း၊ လိုက်နာအောင် ကြပ်မ အားထုတ်ရခြင်း။

(ဂ) အချင်းချင်း အမှုအခင်း မဖြစ်အောင် ကြိုတင်ကာကွယ်ရခြင်း။

(ဃ) အမှုအခင်းဖြစ်လျှင် လျှင်မြန်ပြီးပြတ် ပြေအေးအောင် ပြုလုပ်ဆောင်ရွက်ရခြင်း။

(င) မိမိတို့နယ်အတွင်း၌ အုပ်ချုပ်ရေး လွယ်ကူစေရန် ဂိုဏ်းစည်းမျဉ်းနှင့် မဆန့်ကျင်သော အခြေအနေ ခေတ်ကာလအလျောက် ဥပဒေများကို ပြုလုပ်ပြဋ္ဌာန်းရခြင်း။

(စ) မိမိတို့ဆောင်ရွက်သမျှသော ဂိုဏ်းဂဏကိစ္စအဝဝတို့ကို မဟာနာယက ဆရာတော်ဘုရားကြီးထံသို့ တင်သွင်းလျှောက်ထားကြရသည်။

(ဆ) မိမိတို့အုပ်စုပါ သံဃာစာရင်း ကျောင်းစာရင်းများကို နှစ်စဉ်ကောက်ယူ၍ မဟာနာယက ဆရာတော်ကြီးထံ တင်သွင်းရခြင်း။

(ဇ) မဟာနာယကဆရာတော်ကြီး၏ အခါအားလျော်စွာ ညွှန်ကြားထုတ်ပြန်အပ်သောအမိန့်တို့ကို လိုက်နာခါ တဆင့် နယ်သို့ထုတ်ပြန်ရခြင်း လိုက်နာအောင် ကြပ်မဆောင်ရွက်ရခြင်း။

(ဈ) ဂိုဏ်းဂဏကို ချစ်ခင်လေးစားသောစိတ် တိုးတက်လာအောင် ပြုလုပ်ဆောင်ရွက်ရခြင်း။

# အခန်း (၄)

## ၁။ ဂဏရက္ခိတ ဆရာတော်များ၊

(က) မဟာနာယကဆရာတော်ကြီး၏ အတိုင်ပင်ခံ ဂဏရက္ခိတဆရာတော်များကို (က) မဟာနာယက ဌာန မှဖြစ်စေ (ခ) ထိုဌာနနှင့် နီးစပ်ရာ ဌာနမှဖြစ်စေ သင့် သလို ခန့်ထားသည်။

(ခ) ခန့်ထားရာ၌ (က) မဟာနာယကဆရာတော် ကြီး၏ သဘောဆန္ဒတော် အရသော်၎င်း (ခ) ဂိုဏ်းဝင် သံဃာစုသို့လွှဲအပ်ခဲ့လျှင် သံဃာစု၏ သဘောဆန္ဒ အရ သော်၎င်း သင့်လျော်သလို မဟာနာယက ဆရာတော် ဘုရားကြီးက ခန့်ထားတော်မူသည်။

## ၂။ ဂုဏ်အရည်အချင်း၊

(က) မဟာနာယကဆရာတော်ကြီး၏၎င်း ဂိုဏ်းဝင် သံဃာတော် အရှင်မြတ်တို့၏၎င်း ယုံကြည်မှုကို ခံယူရ ခြင်း။

(ခ) အရေးအခွင့်ကို မြင်စွမ်းနိုင်သော ဉာဏ်ပညာ ရှိခြင်း။

(ဂ) မည်သည့်အကျိုးစီးပွားကိုမျှ ငဲ့ကွက်မှုမရှိဘဲ သာသနာတော်၏အကျိုး ဒွါရဂိုဏ်း၏အကျိုး သက်သက်ကိုသာ ကြည့်စွမ်းနိုင်သော စိတ်ရှိရခြင်း။

(ဃ) အကျင့်သီလသိက္ခာနှင့် ပြည့်စုံရခြင်း။

(င) မိမိတို့ မဟာဒွါရ ဂိုဏ်းကြီးကို အသက်ကဲ့သို့ ချစ်ခင်မြတ်နိုးသောစိတ်ရှိခြင်း။

## ၃။ တန်ခိုးအာဏာ၊

မဟာနာယက ဆရာတော်ဘုရားကြီးက အခါအားလျော်စွာ အပ်နှင်းအပ်သော တန်ခိုးအာဏာရှိသည်။

## ၄။ တာဝန်ဝတ္တရား။

(က) သာသနာကြီးပွားရေး ဒွါရဂိုဏ်းကြီး၏ ကြီးပွားရေး လုပ်ငန်းများကို ကြိုတင်အကြံဉာဏ်ပေးခြင်း။

(ခ) အနာဂတ်သာသနာရေးကိုစဉ်းစား၍ မည်သို့ ကြိုတင်ပြုလုပ်ရန် အကြံဉာဏ်ပေးခြင်း။

(ဂ) မဟာနာယက ဆရာတော်က ဂိုဏ်းအရေး သာသနာအရေးနှင့် ပတ်သက်၍ ဆွေးနွေးသောအခါ ဉာဏ်မြင်သလောက် မှန်ကန်အောင် မည်သူ့မျက်နှာကိုမျှ မထောက်ဘဲ အကြံဉာဏ်များကိုလျှောက်ထားရခြင်း။

(ဃ) ဂိုဏ်းကို မပြိုကွဲမပျက်စီးအောင် တတ်နိုင်သလောက် တတ်နိုင်သည့်ဘက်မှ အစွမ်းကုန် စောင့်ရှောက်ခြင်း။

(င) တိုးတက်သည်ထက်တိုးတက်အောင် ညီညွတ်သည်ထက်ညီညွတ်အောင် ကြံဆောင်ပြုလုပ်ရခြင်း။

(စ) အဘက်ဘက်မှ နည်းအမျိုးမျိုးဖြင့် ဂိုဏ်းကို ကာကွယ်စောင့်ရှောက်ရခြင်း။

(ဆ) သာသနာရေးစိတ် ဂိုဏ်းချစ်စိတ် တက်ကြွအောင် ဖန်တည်းပေးရခြင်း လှုံ့ဆော်ရခြင်း။

(ဇ) သာသနာရေးကိစ္စ ဂိုဏ်းဂဏအရေးကိစ္စများ၌ မဟာနာယက ဆရာတော်ကြီး၏ အမိန့်အာဏာတော်အရ ပြုလုပ်ဆောင်ရွက်ရခြင်း။

(ဈ) မဟာနာယကဆရာတော်ဘုရားကြီး၏ အခွင့်အမိန့်မရှိသေးသော်လည်း လတ်တလော ဖြစ်ပေါ်လာသော သာသနာရေးကိစ္စ ဂိုဏ်းဂဏအရေးကိစ္စများကို ပြုလုပ်ဆောင်ရွက်ခြင်း။

(မဟာနာယကဆရာတော်ဘုရားကြီးသဘောတူကြိုက်ညီမှ အတည်ဖြစ်သည်။)

## အခန်း (၅)

### ၁။ အနုရက္ခိတ။

အနုရက္ခိတဟူသည်၊

(က) မဟာနာယက ဗဟိုဌာနမှ အနုရက္ခိတ။

(ခ) အနုနာယကဌာန အသီးသီးမှ အနုရက္ခိတ ဟူ၍ ၂-မျိုးရှိ၏ ထိုတွင် (က) ဗဟိုဌာန အနုရက္ခိတကို မဟာနာယက ဆရာတော်ကြီး၏ သဘောဆန္ဒအရသော်၎င်း ဂိုဏ်းဝင်သံဃာတော်တို့အား လွှဲအပ်ခဲ့လျှင် ဂိုဏ်း

ဝင် သံဃာတော်တို့၏ သဘောဆန္ဒအရသော်၎င်း သင့်လျော်သလို မဟာနာယကဆရာတော်ကြီးက ခန့်အပ်တော်မူသည်။

(ခ) အနုနာယက ဌာနအသီးသီး၏ဆိုင်ရာ အနုရက္ခိတကို ဆိုင်ရာအနုနာယကဆရာတော်၏ သဘောဆန္ဒအရသော်၎င်း ဆိုင်ရာအုပ်စုပါ သံဃာတော်တို့၏ သဘောဆန္ဒအရသော်၎င်း ကြိုက်နှစ်သက်ရာ ပုဂ္ဂိုလ် ၂ ပါး-၃ပါး ကျစီကို မဟာနာယကဆရာတော်ကြီးက ခန့်အပ်တော်မူသည်။

## ၂။ ဗဟိုအနုရက္ခိတ အရည်အချင်း။

(က) မဟာနာယကဆရာတော်ဘုရားကြီး၏၎င်း ဂိုဏ်းသံဃာတော်များ၏၎င်း ယုံကြည်စိတ်ချခြင်းကို ခံယူရရှိခြင်း။

(ခ) ကိစ္စအရပ်ရပ်တို့ကို စေ့စပ်သေချာစွာ ပြီးပြည့်စုံအောင် ရွက်ဆောင်နိုင်သော အစွမ်းရှိခြင်း။

(ဂ) သီလအကျင့်နှင့် ပြည့်စုံခြင်း။

(ဃ) သာသနာရေး ဂိုဏ်းအရေးတို့၌ ထထကြွကြွ ရှိရခြင်း။

## ၃။ ဗဟိုအနုရက္ခိတ တာဝန်။

(က) မဟာနာယက ဆရာတော်ကြီး၏ သာသနာရေး ဂိုဏ်းအရေးနှင့်ပတ်သက်၍ စေခိုင်းသမျှသောအလုပ်ကိစ္စတာဝန်များကို ထမ်းဆောင်ရသည်။

(ခ) ကျရောက်လာသော တာဝန်ဝတ္တရားများကို ရဲရင့်စွာ ရွက်ဆောင်ရခြင်း။

(ဂ) နယ် အနုနာယကများက၎င်း, နယ် သံဃာတော် အရှင်မြတ်တို့က၎င်း, ခိုင်းစေသောသာသနာရေး ဂိုဏ်းအရေး နယ်အရေးတို့ကို မဟာနာယက ဆရာတော်ကြီးသို့ တင်သွင်းလျှောက်ထားရခြင်း၊

(ဃ) မဟာနာယကဆရာတော်ကြီးအား ကောင်းသော အကြံဉာဏ်များကို လျှောက်ထားရခြင်း၊

## ၄။ နယ်အနုရက္ခိတ၏ အရည်အချင်း။

(က) ဆိုင်ရာ အနုနာယက ဆရာတော်၏၎င်း, ဆိုင်ရာအုပ်ရုပ်ပါ သံဃာတော်များ၏၎င်း, စိတ်ချ ယုံကြည်မှုကို ခံယူရခြင်း။

(ခ) ခိုင်းစေသော အမှုကိစ္စ ဟူသမျှတို့ကို ရွက်ဆောင်နိုင်စွမ်းရှိခြင်း၊

(ဂ) သီလအကျင့်နှင့် ပြည့်စုံခြင်း။

(ဃ) သာသနာရေး ဂိုဏ်းအရေးတို့၌ ထထကြွကြွ ရှိခြင်း၊

## ၅။ နယ်အနုရက္ခိတ၏ တာဝန်။

(က) အနုနာယကဆရာတော်တို့၏ သာသနာရေး

ဂိုဏ်းအရေးနှင့်စပ်၍ ခိုင်းစေသော အလုပ်တာဝန်များကို ပြီးပြည့်စုံအောင် ရွက်ဆောင်ရခြင်း။

ခ) ဂိုဏ်းကြီးပွားရေး သာသနာကြီးပွားရေးတို့၌ ကြောင့်ကြစိုက်ရခြင်း။

(ဂ) ကြီးပွားရေး ကြီးပွားကြောင်း ကောင်းသော အကြံအစီတို့ကို အနုနာယက ဆရာတော်များသို့ အကြံဉာဏ် ပေးရခြင်း။

ဃ) မှားယွင်းမည်ကိုမြင်လျှင် ကြိုတင်ကာကွယ်သျှောက်ထားရခြင်း။

# မဟာဒွါရနိကာယ-ဂိုဏ်းဝင်လက်မှတ်စည်းမျဉ်း။

၁။ မဟာဒွါရနိကာယ ဂိုဏ်းဝင်လက်မှတ်ကို မဟာနာယက ဆရာတော်ဘုရားကြီးနှင့် အနုနာယက ဆရာတော်များကသာ ပေးပိုင်ခွင့်ရှိသည်။

၂။ ဒွါရဂိုဏ်း၌ ရဟန်းဖြစ်၍ ဒွါရဂိုဏ်း၏ ဥပဒေကျင့်စဉ်ကို စောင့်သိရှိသေသော ပုဂ္ဂိုလ်အားသာ ဤလက်မှတ်ကို ပေးအပ်ရမည်။

၃။ မဟာဒွါရ ဂိုဏ်းကြီး၏ ဥပဒေကျင့်စဉ်နှင့် မညီညွတ်သော ပုဂ္ဂိုလ်၏ ဂိုဏ်းလက်မှတ်ကိုရင်း, မိမိတို့၏ဂိုဏ်းမှ ဂိုဏ်းတပါးသို့ ပြောင်းရွှေ့နေထိုင်လိုသော ပုဂ္ဂိုလ်များ၏ ဂိုဏ်းဝင်လက်မှတ်ကိုရင်း, သက်ဆိုင်ရာ တိုက်ပိုင်ဆရာတော်များက ပြန်လည်သိမ်းဆည်း၍ မူလ ပေးအပ် ရာဌာနသို့ ပို့ဆောင်ကြရမည်။

၄။ ဟောင်းနွမ်းသော လက်မှတ်ကို လဲလှယ်သော ပုဂ္ဂိုလ်အားရင်း, ပျောက်ဆုံးသော လက်မှတ်အတွက် ယုံကြည်လောက်သောပုဂ္ဂိုလ်၏ ထောက်ခံစာကို တင်ပြသောပုဂ္ဂိုလ်အား ရင်း, စိစစ်၍ မူလပေးအပ်သောဌာနမှ လက်မှတ် အသစ် ထုတ်ပေးရမည်။

၅။ လက်မှတ်ပေးအပ်သော ပုဂ္ဂိုလ်သည် ခိုင်လုံသော အကြောင်းတစုံတရာမရှိဘဲ လက်မှတ် ပျောက်ဆုံးသော ပုဂ္ဂိုလ်အား သင့်လျော်သောဒဏ်ကိုချပေးရမည်။

၆။ မိမိထံသို့ ရောက်ရှိလာသော ဂိုဏ်းဝင်ပုဂ္ဂိုလ်များ၏လက်မှတ်များကို ကျောင်းပိုင်ဆရာတော်များက ကြည့်ရှုစစ်ဆေး၍ သိမ်းဆည်းထားသင့်က သိမ်းဆည်းထားကြရမည်။ ။

စန္ဒာသီရိ ပုံနှိပ်တိုက်။ ဟံသာဝတ
၃၆၊ နတ်မောက်လမ်း၊-ဥယျာဉ်ရစ်။